ကြေးမုံ The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-2-2011) (၆၆၆၃)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးဆောင်ရွက်

နေပြည်တော်　　ဖေဖော်ဝါရီ　　၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းအား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂-၂-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

သမိုင်းတစ်ခေတ်ဆန်းသစ်မည့် ပြည်သူ့လွှတ်တော် ပိုမိုကောင်းမွန်သည့် အနာဂတ်ကိုဖော်ဆောင်

သမိုင်းတစ်ခေတ်မှတ်တမ်းတင်ရမည့် လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီ ၃၁ရက်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၌ စတင်ကျင်းပသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၊ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများကို လွှတ်တော်အဆောက်အအုံရှိ သက်ဆိုင်ရာခန်းမများ၌ ကျင်းပကြသည်။

လွှတ်တော်အသီးသီး၏ ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစုံညီစွာတက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးသည့်နေ့ဖြစ်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ခေတ်တစ်ခေတ်၏ ထူးခြားလေးနက်သည့်နေ့အဖြစ် မှတ်တမ်းတင်ရပေမည်။

လွှတ်တော်ဟူသည် ဥပဒေပြုရေးအာဏာကို ပြည်သူတို့ထံမှရရှိထားသည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်သူ့ဘဝကို ပြဋ္ဌာန်းသည့်အဖွဲ့အစည်းဟုပြောနိုင်ပေသည်။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အစိုးရအဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများသည် လွှတ်တော်၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ကြရခြင်းဖြစ်သည်။

ထို့ကြောင့် လွှတ်တော်၏တာဝန်သည် ကြီးမားလှသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အဓိကပင်မတာဝန်ဖြစ်သည့် ဥပဒေပြုရေး၊ ရှိပြီးတည်ဆဲဥပဒေများကို ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရေးစသည့် တာဝန်များကို တစိုက်မတ်မတ်လေ့လာသုံးသပ် ထမ်းဆောင်ကြရပေမည်။ တစ်ဖက်ကလည်း အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ကျင့်သုံးမှုများ မတိမ်းစောင်းစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရပေမည်။ ပြည်သူ့လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာကျင့်သုံးပြီး ထိန်းညှိဖော်ဆောင်သွားကြရပေမည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့်ပါတီကပင်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကို ဘုံအကျိုးစီးပွားအဖြစ်ခံယူပြီး ပူးပေါင်းဆောင်ရွက်ကြရပေမည်။ ပြည်သူ့အကျိုးစီးပွားအလေးထား၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးအပါအဝင် ကြီးလေးကျယ်ပြန့်သည့် တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲမထားဘဲ ပြည်သူများနှင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ ကြိုးပမ်းစွမ်းဆောင်သွားကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု စက်ရေတွင်းနှင့် ကျောက်ချောလမ်းသစ်များ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောလေးလက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈နာရီတွင် သစ်ရုံကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဦးသန့်ဇင်ထွန်းက စက်ရေတွင်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးအေးမြင့်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စက်ရေတွင်းမှာ လေးလက်မ PVC အမျိုးအစားဖြစ်ပြီး အနက်ပေ ၂၅၀ ဖြစ်ကာ တစ်နာရီရေထွက်နှုန်းမှာ ဂါလန် ၁၅၀၀ ဖြစ်သည်။

ဆက်လက်၍ ရွာသာယာအဝင် ကျောက်ချောလမ်းဖွင့်ပွဲကို နံနက် ၉နာရီခွဲတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝေဝေလွင်က လမ်း၏ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောက်ချောလမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။ ယင်းလမ်းမှာ ကျောက်ချောလမ်းအမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၃၂၀နှင့် အကျယ် ၁၂ ပေ ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ်သစ် စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များအကြောင်း ဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ကမ္ဘာနှင့်အဝန်း စီမံခန့်ခွဲမှု သဘောတရားများသည် ပြောင်းလဲလျက်ရှိပြီး စီးပွားရေးနှင့်စီမံခန့်ခွဲမှု ဘာသာရပ်များကိုလေ့လာလိုသူ ကျောင်းသား၊ကျောင်းသူများ မှန်ကန်သောဘာသာရပ်နှင့် ပညာရေးလမ်းကြောင်းကို ရွေးချယ်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းရွေးချယ်မှုမှန်ကန်ရန် Kaplan Higher Education က ဖေဖော်ဝါရီ ၁၁ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည့် Singapore Education Road Show 2011တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စာရင်းအင်းနှင့် စီမံခန့်ခွဲမှုဘာသာရပ်များ၏ သဘောသဘာဝများ၊ မိမိတို့ သင်ယူရရှိထားသည့် ပညာရေးလမ်းကြောင်းအလိုက် လေ့လာသင်ယူသင့်သော အထူးပြုဘာသာရပ်များကိုပါ ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးစီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ်များကို လေ့လာသင်ယူလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် သင့်တော်သော ပညာရေးလမ်းကြောင်းများအပြင် မြန်မာနိုင်ငံမှ LCCI Level (3)ဖြေဆို အောင်မြင်ပြီးသူများအတွက် ပညာရေးလမ်းကြောင်းသစ်များ၊ ABE ဖြေဆိုအောင်မြင်ပြီးသူများ၊ CAT, ACCA တက်ရောက်နေသူများနှင့် မြန်မာနိုင်ငံမှ စီးပွားရေးဘွဲ့ ရရှိထားသူများအတွက်ရွေးချယ်သင့်သော နိုင်ငံတကာပညာရေးလမ်းကြောင်း များကို ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ စီမံခန့်ခွဲမှု နယ်ပယ်အသီးသီးရှိသည့် အနက် လူသားအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ဝန်ဆောင်မှုများကို စီမံခန့်ခွဲခြင်း၊ ကုန်ပစ္စည်းများကို စီမံခန့်ခွဲခြင်းစသည့် သဘောသဘာဝများကို သိရှိပြီး မိမိတို့နှင့် ကိုက်ညီသော ဘာသာရပ်ကို ရွေးချယ်တတ်စေရန်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါကCROWN Education, ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ ၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၉ရက်က ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် မြန်မာ့ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ ထူးချွန်ဆုရ ညီညီထွန်းလွင်သို့ အသင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပိတောက်လမ်း မြခွာညို ဝါဝါဝင်းအိမ်ရာနေ အကယ်ဒမီ သရုပ်ဆောင် နေတိုးနှင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

UMFCCI ၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရန်ကုန်မြို့ရှိ ဂျပန်သံရုံးတို့ ပူးပေါင်း၍Industrial Promotion & FDI: Focusing on Small & Medium- Sized Enterprises ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၈ ရက်(သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းUMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဂျပန်နိုင်ငံ ITOCHU AUSTRALIA Corporation, Machinery Division မှ ကိုယ်စားလှယ် Mr. Tatsuya Hoshino က အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားစေရေးတို့ကို အဓိကထားဆွေးနွေးတင်ပြမည် ဖြစ်ကြောင်းသိရသည်။

ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် UMFCCI (အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန) ဖုန်း-၂၁၄၃၄၄ မှ ၄၉ အထိသို့ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အလိမ္မာ စာမှာရှိ

ကျောင်းကုန်းမြို့နယ်၌ စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက်ည ၈နာရီတွင် ကျောင်းကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး မောင်ညိုအေး(ပန်းတော)၊ ဒါရိုက်တာမောင်ယဉ်ကျော်၊ စုံထောက်မောင်ရေခဲနှင့် အသံတုရဲမြင့်လေးတို့က ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှမ်းမိုးသူ Bag Collection ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

လွှမ်းမိုးသူကုမ္ပဏီလီမိတက်၏ ၂၀၁၁ ခုနှစ် ခြေလှမ်းသစ်အဖြစ် လွှမ်းမိုးသူ Bag Collection ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀နာရီတွင် အဆိုပါ ဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း အထက(၁) ဒဂုံကျောင်းအနီး အမှတ်(၂၃) မြေညီထပ်၌ ကျင်းပရာ ဆိုင်သစ်ကို လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်နှင့် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြသော မိုးအောင်ရင်၊ အကယ်ဒမီပန်းဖြူ၊ နန်းဆုရတီစိုးနှင့် ဂန္ဓဝင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှမ်းမိုးသူကုမ္ပဏီမှ Hong Kong Made Promise Brand ကို နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်းသစ်များဖြင့် Luggage, Slim Bag, Shopping Bag, Back Pack, Side Bag, Office Bag များကို ထုတ်လုပ်လျက် အထူးဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွှမ်းမိုးသူကုမ္ပဏီမှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Monsca, Yearcon, Yamannu နှင့် Handry Brand တို့ကို တင်သွင်းရောင်းချလျက်ရှိကာ Monsca Brand တံဆိပ်၌ Luggage, Back Pack, Side Bag, Office Bag များကို တင်သွင်း ရောင်းချပေးလျက်ရှိပြီး International Warranty တစ်နှစ်အာမခံ ရရှိနိုင်သည်။

လွှမ်းမိုးသူတွင် အခြားတံဆိပ်ပစ္စည်းများကိုလည်း ဝယ်ယူနိုင်သည်။ အလှူမင်္ဂလာပွဲ၊ ဂုဏ်ပြုပွဲ၊ နှစ်ပတ်လည်ပွဲ၊ စုံညီပွဲ၊ အစည်းအဝေးပွဲများ စသည်တို့အတွက် မှာယူသော ပစ္စည်းများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ဆိုင်ခွဲများကို ရန်ကုန်မြို့ရှိ ကုန်တိုက်ကြီးများနှင့် မန္တလေးမြို့တွင် အခန်း(၁၁၆-အေ)တတိယထပ် 78 Shopping Centre, (၇၈)လမ်းနှင့် (၃၈)လမ်းထောင့် မဟာအောင်မြေမြို့နယ်တို့၌ ဖွင့်လှစ်ထားသည်။

ရုံးချုပ်မှာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စပယ်လမ်းနှင့် ဂန္ဓမာ(၆)လမ်းထောင့် အမှတ်(၁/၆)တွင် ဖွင့်လှစ်ထားပြီး ဖုန်း-၀၁-၂၀၃၁၉၄၊ ၂၀၅၀၅၉ နှင့် ၂၀၃၃၅၂၊ ဖက်စ်-၂၀၃၁၉၄တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

လွှမ်းမိုးသူ Bag Collection ဆိုင်သစ်ကို လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်နှင့် ရုပ်ရှင်သရုပ်ဆောင် မိုးအောင်ရင်၊ အကယ်ဒမီပန်းဖြူ၊ နန်းဆုရတီစိုးနှင့် ဂန္ဓဝင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂၁) ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင် ဦးဝင်းအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခု တစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၅)တွင်"အစိုးရသစ်နှင့်စက်မှုကဏ္ဍ" မျက်နှာဖုံးသတင်းဆောင်းပါး၊ "ဝါရင့်နိုင်ငံရေးသမားကြီးလေးဦး၏ နိုင်ငံရေးစကားဝိုင်း" အပါအဝင် သတင်းများဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ချောင်းသာကမ်းခြေ မြန်မာနိုင်ငံတွင် အရှည်ဆုံးအပန်းဖြေကမ်းခြေ ဖြစ်လာတော့မည်၊ စစ်တွေတွင်တွေ့ရှိသော အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါပိုးကို ဩစတြေးလျနိုင်ငံ ဓာတ်ခွဲခန်းတွင် ဆက်လက်စစ်ဆေးသွားမည်၊ "ရှိတာလေးကိုပဲ အားထားရောင်းချနေရ" ဈေးကွက်သုံးသပ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်လေကြောင်း စတင်ပျံသန်းမည်ဟုဆို၊ ရွှေဈေး ဆက်ကျနေဦးမည်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် လမ်းညွှန်အကြံပြုချက်များ၊ သိကောင်းစရာ အစာအိမ်နာရောဂါအကြောင်း၊ "အကယ်ဒမီဆုကိုရလိုက်တာ Pressure တစ်ခုထက် ခွန်အားတစ်ခုရလာသလိုပါပဲ" စိုးပြည့်သဇင်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ဂျပန်တောင်ပိုင်းရှိ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးကြောင့် ကြက်ကောင်ရေ ၄၁၀၀၀၀ သုတ်သင်ရှင်းလင်းခဲ့၊ စင်ကာပူ၏ မြင့်မားနေသော လူနေမှုစရိတ်ကို ရင်ဆိုင်နေရသည့် ဝင်ငွေနည်းမိသားစုများအတွက် အစိုးရက ကူညီပေးမည်၊ စင်ကာပူအပျိုဖြန်းသုံးဦး ရင်သားဖွံ့ထွားစေသောဓာတ်ပါသည်ဆိုသည့် ကွတ်ကီးများစားပြီး အစာအိမ်ရောဂါရခဲ့၊ လွန်ခဲ့သည့် ၂၃ နှစ်က ကလေးခိုးမှုကျူးလွန်ခဲ့သူ အမျိုးသမီးအဖမ်းခံရ"မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍစုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းတိုက် ဝယ်ယူဆောက်လုပ်ရန်အတွက် အမှတ်(၂၈) ဒုတိယထပ် ၂၄-လမ်း လသာမြို့နယ်နေ ဒေါ်အိမ်စိုး၊ သမီး မစန်းစန်းနု မိသားစုက အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး ခင်ဦး၌ လှုံ့ဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ခင်ဦးမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ခင်ဦးမြို့ ပေါ်လေးရပ်ကွက်၌ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဒု-ဦးစီးမှူး ဦးနိုင်ဝင်းထွန်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက် ညပိုင်းက အသံချဲ့စက်ဖြင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြေညာချက်အမှတ်(၁/၂၀၁၁) ကို လှုံ့ဆော်သတိပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ငွေလုံးငွေရင်း ကျေးလက်လမ်းလုပ်ငန်းဖြစ်သည့် ရေတာရှည်-ပိတောက်ခင်-သဲကောကျောက်လမ်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စီးပွားရေးဘာသာရပ်များ သင်ယူမှု ပုံစံသစ်အကြောင်း ရှင်းလင်းပြောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများဖြင့် ဖွဲ့စည်းထားသော ERC Institute သည် စင်ကာပူနိုင်ငံရှိ Edu Trust လေးနှစ်သက်တမ်း လက်မှတ်ရရှိထားသော ကျောင်းဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းများ၏ အရေးပါပုံနှင့် ၂၀၁၁ ခုနှစ် မတ်လမှစ၍ ERC Institute တွင် Entrepreneurship နှင့် Business Administration ပရိုဂရမ်များ၌ Real Life Work Experience ပါဝင်အောင် စီစဉ်ဆောင်ရွက်ထားခြင်း အကြောင်းတို့ကို Singapore Education Road Show 2011 တွင် ရှင်းလင်းပြောကြားမည် ဖြစ်သည်။

အစီအစဉ်အရ ပထမသုံးလတွင် Class Room သင်ခန်းစာများကို လေ့လာသင်ယူရမည်ဖြစ်ပြီး နောက် ခြောက်လအတွင်း တစ်ပတ်လျှင် ၂ ရက်မှ ၃ ရက်အထိ တစ်ရက်လျှင် ၃နာရီ လက်တွေ့စီမံခန့်ခွဲမှုများကို သင်ယူရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအား အဆိုပါ ခြောက်လအတွက် တစ်လလျှင် စင်ကာပူဒေါ်လာ ၄၀၀ ခံစားခွင့်ပေးမည်ဖြစ်ပြီး အလုပ်အတွေ့အကြုံကာလအတွင်း International Marketing Director က မြန်မာနှင့်စင်ကာပူရှိ ဈေးကွက်စီးပွားရေးအခြေအနေများကို သုတေသနပြု ဆောင်ရွက်မည့် အစီအစဉ်ပါဝင်သဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးရှိစေမည့် ပရိုဂရမ်တစ်ခုဖြစ်သည်။

ERC Institute ၏ ထူးခြားချက်မှာ ကျောင်းပြီးဆုံးသော ကျောင်းသား၊ ကျောင်းသူများအား ERC Holdings အဖွဲ့ဝင်ကုမ္ပဏီများတွင် အလုပ်ကမ်းလှမ်းရန် သဘောတူညီထားခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည် ဖြစ်ပြီး ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ် သတင်းအချက်အလက်များကို CROWN Education ဖုန်း -၂၁၁၈၈၈ / လိုင်းခွဲ ၂၂၈-၂၂၉ နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အငှမအကြိမ် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့
၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ တနင်္ဂနွေနေ့
LEPROSY ELIMINATION COMMEMORATIVE DAY
"အနာကြီးရောဂါအန္တရာယ်ကင်းဝေးဖို့၊ ဆက်လက်ကြိုးပမ်းတိုက်ဖျက်စို့"
" Reduce The Leprosy Burden။ Sustain Leprosy Control Activities "
ကျန်းမာရေးဦးစီးဌာန

အလိမ္မာပျိုးခင်း စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မောင်းမကျေးရွာ အလိမ္မာ ပျိုးခင်း စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် မောင်းမကျေးရွာဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က အလိမ္မာပျိုးခင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စာအုပ်မျိုးစုံ ၁၀၀၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ၊ အမျိုးသမီးရေးရာအဖွဲ့က စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်က စာအုပ်မျိုးစုံ ၁၀၀ နှင့် ကျေးရွာနေပြည်သူများက စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ခုံတန်းရှည် တစ်လုံး၊ စာအုပ်စင်တစ်ခုနှင့် စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးလှူဒါန်းငွေကျပ် ၁၀ သိန်း၊ ခရမ်းမြို့နယ် မောင်းမကျေးရွာနေပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၉၃ သိန်း စုစုပေါင်းငွေကျပ် ၁၀၃ သိန်းဖြင့် တည်ဆောက်လှူဒါန်းထားခြင်းဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် မောင်းမကျေးရွာ အလိမ္မာပျိုးခင်း စာကြည့်တိုက် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ အဘိုး၊ အဘွား၊ မိဘ၊ အစ်ကိုကြီးတို့အား ရည်စူး၍ မဂ္ဂင်လမ်း ကျောက်ကုန်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်လှငွေနှင့် ဒေါ်မြမြတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ အဆင့်မြင့်ခြောက်ထပ် ဆေးရုံသစ်ကြီး အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)ဒေါက်တာ ဦးလှမြင့် လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ မြန်မာ့အလှတာဝါ(၂)တွင် တည်ရှိသော မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးချုပ်သို့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် YTU ဝင်းနေ ဒေါက်တာတိုးတိုးဝင်း အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆင်းရဲသား သက်ကြီးရွယ်အို အမေရိကန်ဦးရေ မြင့်တက်လာ

ဝါရှင်တန် ဖေဖော်ဝါရီ ၁

အမေရိကန်အစိုးရကနောက်ဆုံးထုတ်ပြန်သည့် စစ်တမ်းတွင် သက်ကြီးရွယ်အိုခြောက်ဦးအနက် တစ်ဦးသည် ဆင်းရဲနွမ်းပါးမှုအနိမ့်ဆုံးဟု သတ်မှတ်ထားသည့် အဆင့်အောက်တွင် ဘဝရပ်တည်နေရကြောင်း ဖော်ပြထားသည်။

ယင်းအချက်သည် အမေရိကန်နိုင်ငံသား ၁၆ ရာခိုင်နှုန်းမှာ ဆင်းရဲစွာနေထိုင်ကြရသည်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း အမေရိကန်သန်းခေါင်စာရင်းဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ရေးသားသည်။

ဂင်းကိန်းဂဏန်းသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံအတွင်း၌ ဆင်းရဲကျပ်တည်းစွာနေထိုင်ကြရသည့် အဘိုးအို၊ အဘွားအိုတို့၏အရေအတွက်သည် ခန့်မှန်းသတ်မှတ်ထားသည့် စံအရေအတွက်ထက် နှစ်ဆများနေသည်ဟု ဆိုသည်။

လေ့လာဆန်းစစ်ချက်အရ အဘွားအိုများမှ ထူးထူးခြားခြား ဒုက္ခကြုံတွေ့နေကြရသည်ကို တွေ့ရသည်ဟု ဆိုသည်။

ဖော်ပြထားသည့် ကိန်းဂဏန်းများက အာဖရိကန်-အမေရိကန်အဘွား ၃၄ ရာခိုင်နှုန်းနှင့် စပိန်နွယ် ဖွားအဘွား ၄၃ ရာခိုင်နှုန်းတို့သည် ဆင်းရဲနွမ်းပါးမှု အနိမ့်ဆုံးအဆင့်အောက်၌ နေထိုင်ကြရသည်ဟု ဖော်ပြနေသည်။

အမေရိကန် သန်းခေါင်စာရင်းဌာနက ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်သည့်အခြားသော အစီရင်ခံစာတွင် အမေရိကန်နိုင်ငံသား ၄၇ ဒသမ ၈သန်းခန့်သည် ဆင်းရဲစွာနေထိုင်ကြရ၍ လွန်ခဲ့သည့်နှစ် ၅၀မှ စတင်တွက်လျှင် အမြင့်ဆုံးအရေအတွက်ဖြစ်သည်ဟု ထုတ်ဖော်တင်ပြထားသည်။

ဆင်းရဲဒုက္ခရောက်နေကြသည့် အမေရိကန်နိုင်ငံသား အဘွားများကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းကိန်းဂဏန်းသည် နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ဒေသ၌ နေထိုင်သူတို့၏ ဆင်းရဲမှုမှာ ပိုမို ကြီးထွားလာနေပြီဟု ပြဆိုခြင်းလည်းဖြစ်သည်။ကျေးတောသားအမေရိကန် ၁၅ ရာခိုင်နှုန်းသည် ဆင်းရဲစွာ အသက်မွေးနေရသည်။

၂၀၀၇ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း၏ အကျိုးဆက်အဖြစ် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံအတွင်း စီးပွားရေး ဆက်တိုက်ကျဆင်းမှုသည် ဤသို့ဖြစ်ရခြင်း၏ အကြောင်းခံတရားဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

တိုက်ခိုက်ရေးရေငုပ်သင်္ဘောသစ် ရုရှားရေတပ်လက်ခံရရှိမည်

မော်စကို ဖေဖော်ဝါရီ ၁

ရုရှားရေတပ်သည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောတစ်စင်းကို လက်ခံရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါရေငုပ်သင်္ဘောကို ဆီဗာမက်ရှ်သင်္ဘောကျင်း၌ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ ပင်လယ်ပြင်အတွင်း စမ်းသပ်ခုတ်မောင်းမှုကို မေလတွင်ပြုလုပ်မည်ဖြစ်ကြောင်း မာလာကစ်ဒီဇိုင်းထုတ်လုပ်ရေးဗျူရိုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆီဗာရိုဗင့်အမည်ရှိ တိုက်ခိုက်ရေးရေငုပ်သင်္ဘောကို ၁၉၉၃ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာပြဿနာကြောင့် တည်ဆောက်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားခဲ့ရသည်။

အဆိုပါ ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းကို လွန်ခဲ့သည့်နှစ် ဇွန်လ၌ ပြန်လည်ပြုလုပ်ခဲ့သည်။

တည်ဆောက်ပြီးစီးသွားပြီဖြစ်သော ရေငုပ်သင်္ဘောမှာ ဂရန်နီအမျိုးအစားဖြစ်ပြီး မိုင် ၃၁၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သော တာဝေးပစ် ခရုဇ်ဒုံးကျည်များကို တပ်ဆင်ထားမည်ဖြစ်သည်။

ယင်းရေငုပ်သင်္ဘောသစ်၌ ခရုဇ်ဒုံးကျည် ၂၄ လက်၊ တော်ပီဒိုလောင်ချာရှစ်လက်၊ မိုင်းဗုံးများနှင့် စစ်သင်္ဘောဖျက် ဒုံးကျည်များကို တပ်ဆင်ထားမည်ဖြစ်သည်။ ***အင်တာနက်။***

ရေခဲပြင်ထဲ၌ တစ်လကြာပိတ်မိနေသော ရုရှားသင်္ဘောပြန်လည်လွတ်မြောက်

မော်စကို ဖေဖော်ဝါရီ ၁

ရုရှားနိုင်ငံအရှေ့ဖျား ကမ်းလွန်ရေခဲပြင်ထဲ၌ ၂၀၁၁ ခုနှစ် နှစ်သစ်ကူးအကြိုညမှစ၍ ပိတ်မိနေခဲ့သော ငါးပြုပြင်ထုတ်လုပ်ရေးရေယာဉ်ကြီးတစ်စင်းကို ရုရှားရေခဲခွဲသင်္ဘောနှစ်စင်းက အောင်မြင်စွာ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ ရက်က ပြောကြားသည်။

ဆိုဒရုဇ်ဟတ်စွတိုဗို အမည်ရှိသင်္ဘောကို အိုကော့ပင်လယ်ရေပြင်တွင်းသို့ ဆွဲထုတ်သွားပြီဖြစ်ကြောင်း သိရသည်။

အစွမ်းကုန်ကြိုးပမ်း

ဒီဇင်ဘာ ၃၁ ရက်ကစ၍ ရေခဲပြင်ထဲတွင် ပိတ်မိနေသော သင်္ဘောသုံးစင်းအနက် ဆိုဒရုဇ်ဟတ်စွတိုဗိုသင်္ဘောသည် နောက်ဆုံးပိတ်မိနေသော သင်္ဘောဖြစ်သည်။ ယင်းသင်္ဘော၏ အရွယ်အစားသည် ရေခဲခွဲသင်္ဘောက ရှင်းလင်းပေးနိုင်သော လမ်းကြောင်းထက်ပိုကြီးမားသဖြင့် ရေခဲပြင်မှ လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းခဲ့ကြရသည်။

ယင်းအပြင် ပြင်းထန်သောလေတိုက်ခတ်မှုနှင့် မြင်နိုင်စွမ်းလျော့ပါးနေသည့် အခြေအနေတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်လည်းရှိသည်။

ရေခဲပြင်ထဲ၌ သင်္ဘောများပိတ်မိနေချိန်တွင် ယင်းသင်္ဘောများပေါ်၌ စားနပ်ရိက္ခာအလုံအလောက်ရှိပြီး သင်္ဘောအမှုထမ်းများသည်လည်း ဘေးအန္တရာယ်မရှိခဲ့ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အေပီ။***

အာဖရိကသမဂ္ဂ ထိပ်သီးညီလာခံ ပြီးဆုံး

အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၁။ ။(၁၆) ကြိမ်မြောက် အာဖရိကသမဂ္ဂ(အေယူ)ထိပ်သီး ညီလာခံကို အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအဘာဘာ၌ ကျင်းပခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ယင်းညီလာခံ ပြီးဆုံးသွားကြောင်း၊ နောက်တစ်ကြိမ် ထိပ်သီးညီလာခံကို အီကွေတိုရီယယ်ဂီနီနိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အာဖရိကနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ အာဖရိကခေါင်းဆောင်များက ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ ***ဆင်ဟွာ။***

ဇန်နဝါရီ ၃၁ အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအဘာဘာ၌ ကျင်းပသော အာဖရိကသမဂ္ဂ ထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနား ကျင်းပနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နယ်စပ်အနီး အစ္စရေးတပ်ဖွဲ့များ ပြန်လည်တပ်စွဲ

လက်ဘနွန် ဖေဖော်ဝါရီ ၁

အစ္စရေးနိုင်ငံသည် ၎င်း၏တပ်ဖွဲ့များကို လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်အနီးတွင် ပြန်လည်တပ်စွဲထားပြီး လက်ဘနွန်ရှေ့တန်းစစ်မျက်နှာကို ထောက်လှမ်းခြင်းအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့၌ နယ်စပ်တစ်လျှောက်တွင် အစ္စရေးတပ်ဖွဲ့များ ကင်းလှည့်နေကြောင်း၊ လက်ဘနွန်နိုင်ငံကို စောင့်ကြည့်သည့် စခန်းများအား ပြုပြင်မွမ်းမံလျက်ရှိကြောင်း အာရပ်ဘာသာဖြင့်ထုတ်ဝေသော အေရှပ်-အယ်လ်အော်ဆက်သတင်းစာတွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၂ ရက်က လက်ဘနွန်ဝန်ကြီးချုပ်အာဆတ်ဟာရီရီ၏အစိုးရအဖွဲ့ ပြိုကွဲသွားပြီး အစိုးရသစ်ဖွဲ့စည်းရေးအတွက် ဝန်ကြီးချုပ်အသစ်အဖြစ် အမည်စာရင်းတင်သွင်းထားသော နာဂျစ်မီကာတီက ကြိုးပမ်းနေစဉ်မှာ အစ္စရေးဘက်မှ ဤသို့ လှုပ်ရှားလာခြင်း ဖြစ်သည်။ တဲလ်အဗစ်က လက်ဘနွန်နိုင်ငံအတွင်းသို့ သုံးလေးကြိမ်မျှဝင်တိုက်ခဲ့ရာ ၂၀၀၆ ခုနှစ်တိုက်ခိုက်မှုတွင် လက်ဘနွန်နိုင်ငံသား ၁၂၀၀ ခန့်သေဆုံးခဲ့၍ အများစုမှာ အရပ်သားများဖြစ်သည်။ ***အင်တာနက်။***

လက်ဘနွန်နယ်စပ်အနီး ကင်းလှည့်နေသော အစ္စရေးတပ်ဖွဲ့များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်-ထိုင်း ဆက်သွယ်မည့်ရထားလမ်း လာအိုပါဝင်ဖောက်လုပ်မည်

ဗီယန်ကျင်း ဖေဖော်ဝါရီ ၁

လာအိုနိုင်ငံသည် တရုတ်နှင့်ထိုင်းနိုင်ငံတို့ဆက်သွယ်မည့် အမြန်ရထားလမ်းဖောက်လုပ်မှုလုပ်ငန်းတွင် ဧပြီလ၌ စတင်ပါဝင်ရန်စီစဉ်လျက် ရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

၄၈၁ ကီလိုမီတာအရှည်ရှိ ရထားလမ်းသစ်စီမံကိန်း၏ ဖြစ်တန်ခြေအကျိုးသက်ရောက်မှုများကို လေ့လာနိုင်ရန် အကြံပြုတင်ပြရေးအဖွဲ့အား အစိုးရကညွှန်ကြားထားကြောင်း အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗီဆူနာလတ်က ဗီယန်ကျင်းတိုင်းမ်စ်သတင်းစာသို့ ပြောကြားသည်။

ရထားလမ်းသစ်ဖောက်လုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးကဏ္ဍအပေါ် ထိခိုက်စေနိုင်မှု ရှိ၊ မရှိ အဆိုပါ အဖွဲ့က အမြန်ဆုံးလေ့လာတင်ပြသွားမည်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

တရုတ်နိုင်ငံ နယ်စပ်ဒေသမှ လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်းသို့ ဆက်သွယ်မည့် ရထားလမ်းစီမံကိန်းအတွက် ဒေါ်လာ ၇ ဘီလီယံ ကျခံသုံးစွဲရမည်ဖြစ်သည်။

အဆိုပါရထားလမ်းကို ဖောက်လုပ်မည်ဆိုပါက ရထားလမ်းတည်ရှိမည့်နေရာနှင့် မလွတ်ကင်းသော နေအိမ်များနှင့် လယ်ယာမြေများ အခြားဒေသသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။

လာအိုနှင့် တရုတ်နိုင်ငံတို့သည် အမြန်ရထားလမ်းဖောက်လုပ်ရန် လွန်ခဲ့သည့်နှစ်က သဘောတူညီခဲ့ကြသည်။ ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးသည့်အခါ လာအိုနှင့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်မြို့တော် ကူမင်းအကြား ကုန်စည်နှင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

လာအိုနိုင်ငံသည် ထိုင်းနိုင်ငံနှင့်လည်း အမြန်ရထားလမ်းဖောက်လုပ်ရန် သဘောတူညီခဲ့သည်။ ယင်းရထားလမ်းသည် ထိုင်း-လာအိုနယ်စပ်ဒေသရှိ နောင်ကိုင်မြို့ကို မြို့တော်ဗန်ကောက်နှင့် ဆက်သွယ်နိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

မြန်မာ့သစ်လုပ်ငန်း ရွှေတောင်မြို့နယ် နတ်မှော် ဧရာဝတီဖောင်ဖွဲ့ရေးဒေသ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနား၌ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသစဉ်။ (သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်း ဧရာဝတီဖောင်ဖွဲ့ရေးဒေသ (နတ်မှော်) မီးဘေး ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် နတ်မှော် ဧရာဝတီဖောင်ဖွဲ့ရေးဒေသ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီတွင် အဆိုပါရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်) ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦး၊ ဧရာဝတီဖောင်ဖွဲ့ရေးဒေသ မန်နေဂျာ ဦးဝေကြိုင်နှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယအထွေထွေ မန်နေဂျာ ဦးထွန်းထွန်းဦးနှင့် ဧရာဝတီဖောင်ဖွဲ့ရေးဒေသ မန်နေဂျာ ဦးဝေကြိုင် တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရွှေတောင်မြို့နယ် မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများနှင့် မီးသတ်စက်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂၀) ဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော် ၂၇ ပါး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းလွင် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ တနင်္သာရီတိုင်းဒေသကြီးအဆင့် သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြိတ်မြို့၌ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ တိုင်းဒေသကြီးအဆင့် သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ တိုင်းဒေသကြီးအဆင့် (Second Level) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးကိုယ်စား ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးမှူးများအပါအဝင် သင်တန်းသား ၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် KETTLER Product များဖြစ်သည့် အိမ်သုံးနှင့် ဟိုတယ်သုံး Gym Set များ၊ Treadmill လမ်းလျှောက်စက်များ၊ Exercise Bike လေ့ကျင့်ခန်းသုံး စက်ဘီးနှင့် Corss Trainerများကို လာရောက်ကြည့်ရှုကြသည့် ဧည့်သည်များ လက်တွေ့စမ်းသပ် လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ ပထမဆုရသူများ Nat Ray ကုမ္ပဏီမှ Twiste Stepper ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် M.D.G Co.,Ltd. တို့ ပူးပေါင်းကျင်းပသည့် မောင်မြန်မာနှင့် မယ်မြန်မာပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ကျင်းပရာ မောင်မြန်မာ အငယ်တန်းပြိုင်ပွဲတွင် ပထမ အောင်အောင်၊ အကြီးတန်းပြိုင်ပွဲတွင် ပထမ အောင်ဆွေနိုင်နှင့် မယ်မြန်မာပြိုင်ပွဲတွင် ပထမ ဝတ်ရည်ဖြိုးတို့ ရရှိကြရာ Nat Ray ကုမ္ပဏီက ဆုရရှိသူများအား Germany Brand KETTLER တံဆိပ် Twiste Stepper တို့ကို ပေးအပ်ချီးမြှင့်သည်။

Twiste Stepper သည် ခါး၊ တင်ပါးနှင့် ပေါင်တို့ကို အဆီကျ သွယ်လျလှပစေသည့် ကျန်းမာရေးအထောက်အကူပြု ကိရိယာဖြစ်သည်။ မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Nat Ray ကုမ္ပဏီက တင်သွင်းဖြန့်ချိလျက်ရှိသည်။ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြသည့် ဧည့်သည်များ လက်တွေ့စမ်းသပ်လေ့လာ ကြည့်ရှုနိုင်ရန်အတွက် KETTLER Product များဖြစ်သည့် အိမ်သုံးနှင့် ဟိုတယ်သုံး Gym Set များ၊ Treadmill လမ်းလျှောက်စက်များ၊ Exercise Bike လေ့ကျင့်ခန်းသုံး စက်ဘီးနှင့် Corss Trainer များကို ပြသထားပြီး ကျန်းမာရေးလိုက်စားပြီး ခန္ဓာကိုယ် ကျစ်လျစ်လှပ၍ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်လိုသူများအတွက် KETTLER က ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဝယ်ယူသုံးစွဲသူများအတွက် ဝန်ဆောင်မှုအပိုင်းတွင် One Year Warranty ရရှိမည်ဖြစ်သည်။ KETTLER Product များကို ဝယ်ယူလိုသူများသည် Grand Mee Yahta Hotel ဖုန်း-၂၅၆၃၅၅၊ Casabella ရန်ကုန်မြို့ ဖုန်း-၆၆၄၃၆၃ နှင့် ၆၆၀၇၆၉ နှင့် Casabella မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၂ တို့တွင် ဝယ်ယူရရှိနိုင်ပြီး Service Center ကို အခန်းအမှတ်(၅၀၁) FMI Center ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၀၂၈၉ တွင် ဖွင့်လှစ်ထားကြောင်းသိရသည်။ (သတင်းစဉ်)

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဆရာမကြီး ဒေါ်မြင့်မြင့်ခင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (၅၄၃)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာများထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်လောင်းများအား အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီတွင် ပျော်ဘွယ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေငွေအောင်နှင့် အဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းနှင့် အဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးနှင့် အသင်းဝင်များ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ ကိုယ်ဝန်ဆောင် မိခင်လောင်း ၂၀ တို့ အား အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မေတ္တာရင်ခွင် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက်က အဖျောက်မြို့ အထက ကံ့ကော်ဆောင်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီး ၆၀ ကျော် တက်ရောက် အပူဇော်ခံပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက တန်ဖိုးငွေကျပ်သိန်း ၆၀ ကျော်ဖြင့် ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

လမ်းပေါက်ဖာထေး

ဝေါမြို့နယ် ကျေးလက်လမ်း ဂဝံလမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

☆ရှေ့ဖုံးမှ

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် အစည်းအဝေး မစတင်မီ နံနက် ၈ နာရီခွဲမှ စတင်၍ ပြည်သူ့လွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည်။

ကြေညာ

အစည်းအဝေးအစီအစဉ်အရ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နေရာယူပြီး ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၂၅) ဦးရှိသည့်အနက် (၃၂၄) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်သဖြင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အခမ်းအနားမှူး မှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်ကြသည်။

ရွေးချယ်

ယင်းနောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြသည်။

ထိုသို့ရွေးချယ်ရာတွင် ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းကို ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေဦးက အဆိုတင်သွင်းပြီး တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်မင်းက ထောက်ခံ၍ လည်းကောင်း၊ ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီကို အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ)ခိုင်မောင်ရည်က အဆိုတင်သွင်းပြီး ကွန်ဟိန်း မဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ထောက်ခံ၍ လည်းကောင်း တင်ပြကြသည်။ အမည်စာရင်း တင်သွင်းခံရသူ နှစ်ဦးရှိသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းက ထောက်ခံမဲ (၂၈၀)မဲ၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီက ထောက်ခံမဲ (၄၄)မဲ ရရှိကြသည်။ ထို့ကြောင့် ထောက်ခံမဲအများဆုံးရရှိသူအား ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က သဘောတူသည့်အတွက် ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့၌ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်မည်ဖြစ်သည်။

ယင်းနောက် အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ပြုစုနိုင်ရန်အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို တစ်ရက်ရပ်နားမည် ဖြစ်ကြောင်းနှင့် အစုအဖွဲ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ တရားတော်
၇း၁၅	၃။ ဓမ္မပူဇာတေး
၇း၂၀	၄။ မျိုးချစ်တပ်မတော်
၇း၂၅	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀	၃။ နိုင်ငံတော်သီချင်း
၄း၁၅	၄။ အဖွင့်သီချင်း
၄း၂၀	၅။ မျိုးချစ်တပ်မတော်
၄း၂၅	၆။ အမျိုးသားရေးတေးကဗျာ
၄း၃၀	၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၅	၈။ သတိနှင့်တိုးမည့် ပိုးဖလံများ
၅း၃၅	၉။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၅း၄၀	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၅၀	၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၅)**
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။ လျှပ်တစ်ပြက်
၆း၃၅	၁၅။ Mail Box
၆း၄၅	၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၄၃)
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၄)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ အမျိုးသားရေးတေးကဗျာ
	၂၀။ နိုင်ငံတကာသတင်း
	၂၁။ မိုးလေဝသသတင်း
	၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ထိုက်ထိုက်တန်တန် ဆုပေးပွဲ (ဟန်ထက်စော၊ ဇေရာ၊ ကျော်ထူး၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
	၂၃။ လျှပ်တစ်ပြက်
	၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၃)**
	၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
	၂၇။ သင့်အတွက်မနက်ဖြန်
	၂၈။ အပိတ်နှုတ်ဆက်စကား
	၂၉။ ပြီးပါပြီ။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ပရိဝုဏ် အတွင်းရှိ ဝိဇ္ဇာစရဏ သမ္ဗန္ဓောဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် ၂၀၁၀ ခုနှစ်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်နှင့်ဇနီး၊ ခင်ပွန်းနှင့် နှစ်ဖက်မိဘများ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား၊ သမီးများနှင့် လျှုဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၀၁-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၀၁-၅၃၉၇၃၈၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည် ဖုန်း-၀၁-၆၄၇၁၆၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၀၁-၂၄၃ ၉၉၃၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁၅၅၉၁၇၂နှင့် တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဒေါ်မြင့်မြင့်ငွေ ဖုန်း-၀၉-၅၁၅၀၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တွံတေးဈေးသစ် မူလတန်းကျောင်း မြတ်ဆရာပူဇော်မည်

တွံတေး ဖေဖော်ဝါရီ ၁

တွံတေးမြို့ဈေးသစ် မူလတန်းကျောင်း (ယခင်ဆရာမကြီး ဒေါ်နှင်းနွယ်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ယခု ဈေးသစ် မူလတန်းလွန်ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲသို့ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါ်နန်းစောမြ ကျောင်းအုပ်ဆရာမကြီး ယခုဈေးသစ် မူလတန်းလွန်ကျောင်းနှင့် ဦးပါလေး ဖုန်း-၀၄၅-၅၀၂၅၈၊ ၀၉-၅၃၉၆၂၁၉၊ ဦးညွန့်ဝေ ဖုန်း-၀၉-၅၃၉၆၂၁၆၊ ဦးမြင့်စိန် ဖုန်း-၀၉-၅၁၁၂၅၄၉၊ ဦးထိန်လင်းအောင် ဖုန်း-၀၉-၅၀၉၂၆၆၈၊ ဦးသုတဝင်း (ကိုဘ) ဖုန်း-၀၄၅-၅၀၅၆၅၊ ၀၉-၅၃၉၆၅၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၄၂)

အင်းစိန်မြို့နယ် ဆီမီး ၉၉၀၀ အဖွဲ့ (၁၃) နှစ်ပြည့်အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဗိုလ်ကြီးတင့်လွင် (ငြိမ်း)နှင့် အဖွဲ့အမှုဆောင်များ တက်ရောက်ဆွေးနွေးကြစဉ်။ (၆၁)

ဆုချီးမြှင့်

သန်လျင်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသော မောင်ထက်ဖြိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

✻ ကျောဖုံးမှ

အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်ကြသည်။

ရွေးချယ်

ယင်းနောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်အား ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က သဘောတူသည့်အတွက် ဦးမျိုးမြင့်အား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

တစ်ရက်ရပ်နား

ထို့နောက် အဆိုပြုလွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ပြုစုနိုင်ရန်အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို တစ်ရက် ရပ်နားမည်ဖြစ်ကြောင်းနှင့် အစုအဖွဲ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် (ကြာသပတေးနေ့)တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တော်ခရမ်းကြီး စုံညီပွဲတော်တွင် သောက်ရေသန့်စက်၊ စာအုပ်နှင့် စာရေးကိရိယာများ၊ မိဘမဲ့များအတွက် ထောက်ပံ့ငွေများ စုစုပေါင်း သိန်း ၂၀ ဖိုးခန့် လှူဒါန်းသော မြန်ရွှေပြည်ကုမ္ပဏီလီမိတက်အား ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်လတ် ဂုဏ်ပြုလွှာပေးအပ်ရာ ကုမ္ပဏီကိုယ်စား ဆရာဦးအောင်ထွေး လက်ခံရယူစဉ်။ (ပညာရေး)

LIFESTYLES EXPO -2011 ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

Milky Way International Co., Ltd. သည် LIFESTYLES EXPO-2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် Shine Group of Companies မှ Main Sponsor နှင့် Co-Sponsor များအဖြစ် Asia Metal Co., Ltd., Ever Seiko Co., Ltd. တို့က ပံ့ပိုးကူညီကြပြီး Mitsubishi, Crown Electronic, Yee Shin, Haier Aircon, Infinity Investment, ELBA Electronics, JBS Electronics, Royal Tun Electronics, Cash n Carry, Canon, Concordia, Amtt, Toshiba Kyaw Win, Myat Kan Moe, Media, Do Do Ko Ko တို့မှ Electronics နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ KMD, Technoland, Cyber City Co., Ltd., SUZUKI တို့မှ Note Book နှင့် ကွန်ပျူတာ ပစ္စည်းအမျိုးမျိုး Hisense, Do Co Mo Mobile, Spice Well Com Mobile, SAMSUNG Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းနှင့် WiFi ဖုန်းအမျိုးမျိုး၊ SM³မှ ဖုန်းဆော့ဝဲလ်အမျိုးမျိုး၊ Maruart New Wood Creator, Home Distribution Group ,ရွှေပင်ငွေပင် ဦးသန်းထွန်း၊ Gold Coil, Leeco, စိန်နှင့်မြ၊ Universal Furniture, MNZ, Golden Rose Industry တို့မှ နေအိမ်သုံး၊ ရုံးသုံး ခေတ်မီပရိဘောဂများနှင့် အဆင့်မြင့် အာမခံသေတ္တာများ၊ Auto ရေမော်တာ ထိန်းချုပ်စက်၊ Htun Thit Oo, Sp Distribution Group, IQ Lamp, Good & More, UNITEX, Silver Lotus မျက်မှန် မောင်အေးနှင့်သား၊ Dear Moldan, Mya , Na Di Trading တို့မှ လူသုံးကုန်ပစ္စည်းများနှင့် Cherry Oo မှ ကမ္ဘာ့နံပါတ်တစ် နာရီအမျိုးမျိုး၊ Kanebo, Pupa, Kracie, Now How, Sheene, Pierce Garden, FEM, Li Li, Hanna တို့မှ အလှကုန်ပစ္စည်းများအပြင် သီဟရတနာစာပေ၊ Total Learning Academy တို့မှ ပညာရေးဝန်ဆောင်မှုသင်တန်းများ၊ United Pharma တို့မှ Revicon အားဆေးတို့ဖြင့် ပြခန်းပေါင်း ၁၄၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၅၀ ကျော်တို့က ဖျော်ဖြေရေး အစီအစဉ်များ၊ လက်ဆောင်ပစ္စည်းနှင့် အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။ Milky Way International Co., Ltd. အနေဖြင့် ပြပွဲကို လာရောက်ကြည့်ရှု ဝယ်ယူသူများအတွက် Gift Voucher များအပြင် Laptop တစ်လုံးနှင့် အဝတ်လျှော်စက်တစ်လုံးတို့ကို ကံထူးသူရွေးချယ်ပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၆၁၁ နှင့် ၇၃၀ ၉၀၈၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၅၉၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ပညာရေးဝန်ထမ်းများ ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Co.,Ltd. တို့ ပူးပေါင်းကျင်းပသော ပညာရေးဝန်ထမ်းများ Intensive Course Computer Applications သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာဦးစီးဌာနခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာ အထက်တန်းကျောင်းအုပ်များ၊ Soft Guide Co.,Ltd. Managing Director၊ ကွန်ပျူတာပညာရှင်အသင်းမှ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးရဲလွင်အောင်က အမှာစကားပြောကြားပြီး Soft Guide Co.,Ltd. Managing Director က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ယနေ့မှ ဖေဖော်ဝါရီ ၉ ရက်အထိ အမှတ်(၂) အခြေခံပညာဦးစီးဌာန၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းသုံး Windows Operation System, Microsoft Word, Microsoft Excel, Microsoft Power Point သင်ခန်းစာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မုံရွာမြို့ အောင်မင်္ဂလာရပ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၉ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းငယ်ထွေး ကမ္ဘာ့ဆရာများနေ့ ကဗျာပထမဆုရ မမြပွင့်မုံချစ်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

“ဒုတိယကမ္ဘာစစ်အတွင်းကမပေါက်ကွဲခဲ့သည့် ဗုံးတစ်လုံး သန်လျင်မြို့နယ်တွင် တွေ့ရှိ” သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၄)ကို ယနေ့ဖြန့်ချိလိုက်သည်။

ဂျပန်နိုင်ငံမှ မြန်မာသင်္ဘောသား ၃၀၀၀ ခေါ်ယူရန်ကမ်းလှမ်း၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ငါးသိန်းတန် GSM ဖုန်းများစတင်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပြည်ပကုမ္ပဏီကြီးတစ်ခုက ရေနံတွင်းဟောင်းအချို့ကို ပြန်လည်တူးဖော်ထုတ်လုပ်လျက်ရှိ၊ ခင်မောင်ညို (ဘောဂဗေဒ)၏ စီးပွားရေးလုပ်ငန်းများက စီးပွားရေးအဆောက်အအုံကို ဒုက္ခပေးခြင်း၊ တန်ချိန် ၉၀၀၀ ကျော်တင်ဆောင်နိုင်သည့် ကုန်သေတ္တာတင်သင်္ဘောကြီး မြန်မာနိုင်ငံသို့စတင်ပြေးဆွဲမည်၊ ကုန်တင်ကုန်ချလုပ်သားများ ဝင်ငွေကောင်းနေသည့် သီရိမင်္ဂလာဈေးသစ်ကြီး၊ ကမ္ဘောဇ FC ဘောလုံးအသင်းသားများအားကစားသမားထိခိုက်မှုအာမခံထားရှိ၊ CDMA 800MHz အင်တာနက် တပ်ဆင်ရန် မည်သူ့ကိုမှလာဘ်ပေးရန်မလို၊ တော်ဝင်မိသားစုကုမ္ပဏီမှ အရစ်ကျငွေပေးချေစနစ်ဖြင့် တိုက်ခန်းပေါင်း ၁၀၀၀ ကျော်အား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးမည်၊ စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းသစ် UMFCCI တွင်ဖွင့်လှစ်၊ ပြင်သစ်နိုင်ငံပိုင် Total ကုမ္ပဏီသည် ဒေသခံများ၏ အကျိုးကိုလုပ်ဆောင်နိုင်ခဲ့ဟုဆို၊ ဘရာဇီးနိုင်ငံတွင် ကျင်းပသည့်စာမဲ့ကာတွန်းပြိုင်ပွဲတွင် ပထမဆုကိုမြန်မာကာတွန်းဆရာမတစ်ဦးရရှိ၊ အစ္စရေးဟစ်ဖ်ဘိုလာ စစ်ပွဲရှောင်လွှဲနိုင်မည်မဟုတ်ဟုဆို၊ အာရပ်ငါးနိုင်ငံတူနီးရှား လမ်းစဉ်လိုက်ကြမည်လော စသည့် နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကိုအပတ်စဉ် အင်္ဂါနေ့တိုင်းထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၂-၂-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မေတ္တသုတ်+ ခန္ဓသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (လူ့ဘုံဘဝကြုံရသောအခါ)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၁၅	၂၀၁၁ ခုနှစ် တက္ကသိုလ်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၄း၃၀	စစ်သည်အတွက်တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ခရုထမင်းပေါင်း)
၅း၁၀	ညနေခင်းတေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၄၄)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၆း၂၀	ကျေးလက်ဇာတ်လမ်း(ဒိုင်ယာရီ)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (ခင်လှိုင်)
၇း၄၀	ဝတ္ထုတိုခံစားမှု (ရက်စက်ပါ့ မယ်ကြော့ရယ်)
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၅၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆောင်းရာသီနှင့်ကျန်းမာရေး) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒုတိယသမ္မတလောင်းများကို အဆိုပြုတင်သွင်းခဲ့ကြသည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယ သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကြီးကြပ်ကွပ်ကဲ၍ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယသမ္မတ လောင်းများ အဆိုပြုရန်အတွက် အဆိုပြုလွှာပုံစံ(၁)ကို လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံမှ ထုတ်ယူကြသည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ယင်းနောက် အဆိုပြုပြီး ထောက်ခံသော ဒုတိယသမ္မတလောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ ဖော်ပြထားသည့် အဆိုပြုလွှာပုံစံ(၁)ကို အခမ်းအနားမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းကြရာ၌ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးသိန်းစိန်ကို အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက အဆိုတင်သွင်းပြီး မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်းက ထောက်ခံ၍လည်းကောင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်ကို တံတားဦး မဲဆန္ဒနယ်မှ ဦးတင်အေးက အဆိုတင်သွင်းပြီး ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဒဂုံ(မြောက်) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးနှင့် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတို့ (၂)ဦးက အဆိုတင်သွင်းပြီး ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာနှင့် ရေး မဲဆန္ဒနယ်မှ ဒေါ်မြင့်သန်းတို့က အဆိုတင်သွင်းပြီး ဒဂုံ(မြောက်) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဟားခါး မဲဆန္ဒနယ်မှ ဦးငွန်မောင်းနှင့် ပလက်ဝ မဲဆန္ဒနယ်မှ ဦးပိုက်လင်းတို့က အဆိုတင်သွင်းပြီး ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံ၍ လည်းကောင်း အသီးသီး တင်သွင်းကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ကြီးကြပ်ကွပ်ကဲစဉ်။

(သတင်းစဉ်)

ယနေ့ အမည်စာရင်း တင်သွင်းခံရသော ဒုတိယသမ္မတလောင်း(၂)ဦးမှာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်နှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် တို့ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်း အမည်စာရင်းကိုပြုစုနိုင်ရန် အစုအဖွဲ့ အစည်းအဝေးကို တစ်ရက် ရပ်နားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "သံယောဇဉ်"တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၆း၄၀ ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၉)**
၈း၄၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-3)
၉း၁၅ Activities In The City (ရန်ကုန်တက္ကသိုလ်မြန်မာစာ မိသားစုအာစရိယပူဇော်ပွဲ အခမ်းအနား)
၉း၃၅ အားကစားမြင်ကွင်းစုံ (လူမင်း၊ ဖြိုးငွေစိုး၊ ဝေမင်းမောင်)
၁၀း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဟော့ရှော့-၃)
၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၂)
၁၁း၀၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း" (အပိုင်း-၂)
၁၂း၂၅ သင်ယူလေ့လာဂီတပညာ (Part-8) (Pedal အသုံးပြုပုံ)
၁၂း၄၀ ၁၉၆၉-၁၉၇၆ ဆေးတက္ကသိုလ်(၁) ရန်ကုန်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁း၀၀ "သံယောဇဉ်"တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်)
၃း၁၀ တူယှဉ်ကာန္တ ထူးကြီး အထကရဲ့ မြတ်ဆရာပူဇော်ပွဲ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၉)**
၄း၅၅ ကိုယ်စိတ်နှစ်ပါး အပန်းပြေကျန်းမာဖို့ GROHE ဖြင့်ရေချိုးစို့
၅း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန် (Dozo Fashion Design)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃)**
၇း၁၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Activities In The City (မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒဆရာဝန်များ၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
၈း၄၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၄)
၉း၂၀ Celebrity Style (Rဇာနည်၊ ဝမ်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၀)**
၁၀း၀၅ Cartoon Show Time (Open Season)(Part-3)
၁၀း၄၅ အရက်အန္တရာယ် (သိပ္ပံမျှတင်)
၁၁း၀၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကမ္ဘာ့အေးကွန်ဒိုမီနီယံ)
၁၁း၁၅ လူဖြစ်ရှုံးပါပြီကွာ (ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာညီညီထွန်းလွင်)
၁၁း၂၀ မြန်မာ့တူရိယာစည်တော်ကြီး
၁၁း၃၀ မောတ္တိဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၁၁း၄၅ Living on Water
၁၂း၃၀ ရင်နှစ်ပန်းတို့လန်းစေချင်
၁၂း၄၀ ဗန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏
၁း၀၅ World of Knowledge (Air Crash Investigation; Who's Flying The Plane)
၁း၅၅ ကော့ကရိတ်မြို့နယ်မှ ညီညာဖြိုးဖြိုး ကမ်းနီအလှ
၂း၁၀ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၂း၅၀ သာယာစိုပြည် ကြံခင်းမြေ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ပတ္တမြားမြေသို့အလည်တစ်ခေါက်
၄း၂၀ ရင်ခုန်ခံစား လူငယ်ကျွမ်းဘား
၄း၄၀ စကားဝါမြေမှ ပွဲတော်တစ်ခု
၄း၅၀ ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Blackburn -Tottenham	ESPN (Live)
၂း၂၅	Liverpool -Stoke City	STAR SPORTS (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေနဒီ ရေပေါ်ဈေး၌ ဇန်နဝါရီ ၂၀ ရက်က ဈေးအတွင်း သား၊ ငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချနေခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမောင်တိုး ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လားရှိုးမြို့နှင့်ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် သုည ဒသမ ၅၁ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၂၈ လက်မ၊ ဟသ်ာတမြို့တွင် သုည ဒသမ ၂၀ လက်မနှင့် ငသိုင်းချောင်းမြို့တွင် သုည ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂ ရက် ညနေအထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒုတိယသမ္မတလောင်းများကို အဆိုပြုတင်သွင်းခဲ့ကြသည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကြီးကြပ်ကွပ်ကဲ၍ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းများ အဆိုပြုရန် အတွက် အဆိုပြုလွှာပုံစံ(၁)ကို လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံမှ ထုတ်ယူကြသည်။

တင်ပြ

ယင်းနောက် အဆိုပြုပြီး ထောက်ခံသော ဒုတိယသမ္မတလောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ ဖော်ပြထားသည့် အဆိုပြုလွှာပုံစံ(၁)ကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

အမည်စာရင်းတင်သွင်း

ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းကြရာ၌ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်း ကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက အဆိုတင်သွင်းပြီး ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်က ထောက်ခံ၍လည်းကောင်း၊ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က အဆိုတင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက ထောက်ခံ၍ လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက အဆိုတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍ လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင်တို့က အဆိုတင်သွင်းပြီး ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ထောက်ခံ၍လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ကို မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်သိန်းတို့က အဆိုတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုးက ထောက်ခံ၍ လည်းကောင်း အသီးသီး တင်သွင်းကြသည်။

ဒုတိယသမ္မတလောင်းနှစ်ဦး

ယနေ့ အမည်စာရင်းတင်သွင်းခံရသော ဒုတိယသမ္မတလောင်း(၂)ဦးမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်တို့ ဖြစ်သည်။

တစ်ရက် ရပ်နား

ထို့နောက် ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်း အမည်စာရင်းကို ပြုစုနိုင်ရန် အစုအဖွဲ့ အစည်းအဝေးကို တစ်ရက် ရပ်နားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ကြီးကြပ်ကွပ်ကဲစဉ်။
(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာန မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက်က ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်း သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

မိတ္ထီလာမြို့၌ ကတ္တရာလမ်းသစ်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သော ဝန်ဇင်းရပ်ကွက် ဓမ္မာရုံလမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါလမ်းသစ် ဖွင့်ပွဲမုခ်ဦးမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ခံအင်ဂျင်နီယာက ဓမ္မာရုံလမ်း ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ဓမ္မာရုံလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက လမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဓမ္မာရုံလမ်း ကတ္တရာလမ်းသည် အရှည်ပေ ၁၀၅၀ နှင့် အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၅ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ သီချင်းကြီးပဒေသာ
၅း၀၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅ ၈။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၅ ၉။ International Science News
၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၅ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ “ပျော်ရွှင်ရင်ခုန်ပြကွက်စုံ” (အပိုင်း-၁၁)
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသော မေတ္တာ” (အပိုင်း-၃၂)**
၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း “မှဲ့တစ်ပေါက်” (လူမင်း၊ နန္ဒာလှိုင်၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဟိန်းစိုး)**
၂၃။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ဝမ်ကောင်း-ဂျိုးဖြူ ရထားလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းတွင် ကျိုင်းတုံ-မိုးနဲ ရထားလမ်းစီမံကိန်း ဝမ်ကောင်းဘူတာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဝမ်ကောင်း-ဂျိုးဖြူ ရထားလမ်း လမ်းအူကြောင်း ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဝမ်ကောင်း-ဂျိုးဖြူ ရထားလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-လွယ်မွေ-မိုင်းငေါ်င်း-မိုင်းကိုင် ကားလမ်း လမ်းတံတားများကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းကိုင်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အလှူငွေနှင့် ချီးမြှင့်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ မိုင်းကိုင်မြို့ အခြေခံပညာမူလတန်းကျောင်း ပညာသင်ကြားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းငေါ်င်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ စားသောက်ကုန်များ၊ အားကစားပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် အဝတ်အထည်များ ပေးအပ်သည်။

ယင်းနောက် လွယ်မွေမြို့ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆင့်မြင့် ပညာရေးပြပွဲ (၂၀၁၁)ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

စင်ကာပူ၊ ထိုင်းနှင့် ဗြိတိန်နိုင်ငံတို့ရှိ နာမည်ကြီးကျောင်းများ၏ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို တစ်စုတစ်စည်းတည်းရရှိနိုင်ရန်နှင့် ၂၀၁၁ ခုနှစ် ပညာရေး လမ်းကြောင်းများကို အချိန်နှင့် တစ်ပြေးညီ ရယူနိုင်ရန် ရည်ရွယ်၍ အဆင့်မြင့်ပညာရေးပြပွဲ (၂၀၁၁)ကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ Parkroyal Hotel ရှိ Ball Room 2 & 3 တို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲသို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်ရောက်နေဆဲသူများ၊ City & Guild Diploma တက်ရောက်လိုသူများ၊ ရရှိထားပြီးသူများ၊ IDCS, IADCS, Dip in Computer Art & Dip in IT ပြီးထားသူများ၊ အခြားလက်မှတ်ရရှိထားသူများ၊LCCI, ACCA, CAT တက်ရောက်ဆဲ(သို့) အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

ပညာသင်ဆု လျှောက်ထားလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၁၁ခုနှစ် ကျောင်းဖွင့်ချိန်အတွက် ပညာသင်ဆု အရည်အချင်းစစ်စာမေးပွဲနှင့် အင်တာဗျူးတို့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် OESC Seminar Room ၌ ဆက်လက် ကျင်းပပေးသွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားနိုင်မည့် ဘာသာရပ်များမှာ Management, International, Business, Software Engineering, Networks and Database Management, Web and Mobile Applications, Architectural Technology Management, Energy and Environmental Management, Management Information Systems and English for Communication ဘာသာရပ်များဖြစ်သည်။

ပညာသင်ဆု အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုလိုသူများအနေဖြင့် ဖေဖော်ဝါရီ ၈ ရက် နောက်ဆုံးထား၍ OESC သို့ ဆက်သွယ်စုံစမ်းပြီး နာမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက OESC ဖုန်း-၅၃၉၀၉၂၊ ၇၃၀၉၄၀၆၀ နှင့် ၀၉-၅၀၈-၆၈၁၉ တို့သို့ ဆက်သွယ်စုံစမ်းပြီး နာမည်စာရင်းကို ကြိုတင်ပေးသွင်း၍ တက်ရောက် လေ့လာနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည် -

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	KTH အမှတ်တံဆိပ် လင်ဇီးဆေးပရုတ်ဆီ	KTH Products Ltd.,Yangon.	မှတ်ပုံတင်မရှိ
၂	KTH အမှတ်တံဆိပ် VIP အကြောပြေ ဒဏ်ကြေလိမ်းဆေးရည်	KTH First Aid Products Group, Yangon	မှတ်ပုံတင်မရှိ
၃	KTH အမှတ်တံဆိပ် ပရုတ်ဆီအဖြူ (Vapour Rub)	KTH Products Group Yangon, Myanmar	မှတ်ပုံတင်မရှိ
၄	KTH အမှတ်တံဆိပ် (ALUM PILES OINTMENT)	KTH First Aid Products Group, Yangon.	မှတ်ပုံတင်မရှိ
၅	KTH အမှတ်တံဆိပ် လေးညှင်းဆီ (CLOVE OIL)	KTH Products Group Yangon	မှတ်ပုံတင်မရှိ
၆	KTH အမှတ်တံဆိပ် တမာလိမ်းဆေး (Tamar neem Ointment)	KTH Products Group Yangon, Myanmar	မှတ်ပုံတင်မရှိ
၇	GREEN ROSE Pain Aid Balm	KTH Products Group	မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိ သောဆေးဝါးများ၊ အနောက်တိုင်းဆေး ရောနှောထားသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေး ပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ် ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါး ရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါ စံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခု တစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲနိုင်မည့် နှစ်ထပ်ဘတ်(စ်)ကားကြီးများတင်သွင်းမည်၊ ကမ္ဘာ့တတိယ အကြီးဆုံး ကုန်တင်သင်္ဘောလိုင်း မြန်မာနိုင်ငံသို့ စတင်ပြေးဆွဲ၊ FTTX စနစ် ထပ်တိုးဖုန်းလိုင်း ဝန်ဆောင်ခလျှော့ချမည်၊ ငွေဆောင်ကမ်းခြေမှ တစ်နာရီခန့်သွားရသော ထူးဆန်းသည့် ငှက်ကျွန်းသို့ နိုင်ငံခြားသားခရီးသည် သွားရောက်မှုများပြား၊ အိန္ဒိယက မြန်မာနှင့် အင်ဒိုနီးရှားအား ဆိုက်ရောက်ဗီဇာထုတ်ပေး၊ အင်ဂျင်မပါသည့် လျှပ်စစ်ခရီးသည်တင်ယာဉ်များ တင်သွင်းမည်၊ ရန်ကုန်တွင် အုပ်စုဖွဲ့ကျူးလွန်သည့် တောင်းအေ့စ်ကားများကိုသာ ခိုးသည့် ကားခိုးဂိုဏ်းကို ဖမ်းဆီးရမိ၊ ILBC မှ တီထွင်ထားသည့် လျှပ်စစ်ကားများကို အများပြည်သူ အသုံးပြုနိုင်ရန် အဆင့်မြှင့်ထုတ်လုပ်မည်၊ ယခုဆောင်းကာလအတွင်း နောက်ထပ်အအေးလှိုင်း နှစ်ကြိမ် ဖြတ်သန်းနိုင်၊ နှစ်ရှည်ဘဏ်ချေးငွေစနစ်ဖြင့် တိုက်ခန်းများဝယ်ယူနိုင်၊ ယီမင်သမ္မတ နုတ်ထွက်ပေးရန် လူပေါင်းထောင်ချီလျက်ဆန္ဒပြ၊ အမေရိကန်ပြည်ထောင်စု၏ သုံးပုံနှစ်ပုံကို ဖုံးလွှမ်းသွားနိုင်သည့် ကမ္ဘာ့အကြီးဆုံး မီးတောင်ကြီး နှစ်ပေါင်းခြောက်သိန်းအတွင်း ပထမဆုံးအကြိမ်ပေါက်ကွဲရန်တာစူနေ၊ မော်စကိုလေဆိပ် ဗုံးပေါက်ကွဲမှုနောက်ဆက်တွဲ---၊ နေရောင်ခြည်ဖြင့် ပထမဆုံးရွက်လွှင့်သည့် ကမ္ဘာ့ပထမ အာကာသယာဉ် လွှတ်တင်၊ စတန့်မင်းသားတစ်ဦး ရုပ်သံအစီအစဉ်ရိုက်ကူးစဉ် မျက်လုံးထဲ သစ်သားလုံ့ဝင်ကာ သေဆုံး၊ ရောင်စုံမော်တော်ကားများကို ချိတ်ဆွဲကာ အနုပညာအဖြစ်ပြသ၊ အီဂျစ်နိုင်ငံရေးပြဿနာ၏ နောက်ဆုံး အခြေအနေများ--- စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကင်တာခရီးသည်တင်ယာဉ်အား ကျော်တက်စဉ် မှန်လုံယာဉ်က ဝင်တိုက်မိခဲ့သဖြင့် ဒဏ်ရာရခရီးသည် ၂၇ဦးအနက် တစ်ဦးသေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁

၂၀၁၀ခု နှစ် ဒီဇင်ဘာ ၂၆ ရက် သတင်းစာများတွင် မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား ခေါင်းစဉ်ဖြင့် သတင်းဖော်ပြရာ၌ မြင်းကဆိပ်-ပုသိမ် ပြေးဆွဲသည့် ကင်တာခရီးသည်တင်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် ရွှေဝသုန်ခရီးသည်တင် မှန်လုံယာဉ်တစ်စီးအား နောက်မှ ကျော်တက်စဉ် ကားချင်းချိတ်မိပြီး ကင်တာယာဉ်မှာ လမ်းပခုံးပေါ်သို့ တိမ်းမှောက်၍ မှန်လုံယာဉ်မှာ လမ်းဝဲဘက် ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ကင်တာယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း စသည်ဖြင့် ယာဉ်များ မဆင်မခြင်မောင်းနှင်ခြင်း မပြုရန် အသိပညာပေး သတင်းတစ်ပုဒ်အား ဖော်ပြခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းမေးမြန်းချက်အရ ဖြစ်စဉ်အမှန်မှာ မြင်းကဆိပ်-ပုသိမ် ပြေးဆွဲသည့် ကင်တာခရီးသည်တင်ယာဉ်အား မြောင်းမြ-ပုသိမ် ပြေးဆွဲသည့် ရွှေဝသုန် ခရီးသည်တင်မှန်လုံယာဉ်က နောက်မှကျော်တက်စဉ် အရှိန်ပြင်းစွာ တိုက်မိခဲ့သဖြင့် ကင်တာယာဉ်နောက်ပိုင်း ကြေမွသွားပြီး လမ်းညာဘက်သို့ တိမ်းမှောက် လဲကျသွားခဲ့ကြောင်း၊ ကင်တာယာဉ်ခေါင်းပိုင်းနှင့် ကိုယ်ထည် ပျက်စီးသွားခဲ့ပြီး ရွှေဝသုန်မှန်လုံယာဉ်မှာ လမ်း၏ဝဲဘက် ရေမြောင်းထဲသို့ ထိုးကျရပ်တန့်သွားခဲ့သော်လည်း တိမ်းမှောက်မှု မရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ တိုက်မိမှုကြောင့် ကင်တာခရီးသည်တင်ယာဉ်ပေါ်ရှိ ခရီးသည် ၂၅ ဦးနှင့် ရွှေဝသုန်မှန်လုံယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦး စုစုပေါင်း ၂၇ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ပုသိမ်ဆေးရုံသို့ ပို့ဆောင်ကုသနေစဉ် ကင်တာယာဉ်နောက်လိုက် ချစ်ဖွယ်(ဘ)ဦးဝင်းကြည်မှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု ဖြစ်စဉ်အမှန်အား သတင်းဆက်အဖြစ် ရရှိမှုအခြေအနေနှင့် ယာဉ်မောင်းများ အနေဖြင့် သတိဖြင့်သွားလာမောင်းနှင်ကြရန် အသိပေးလိုက်ရပါသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

၂၀၀၉-၂၀၁၀ ပညာသင်နှစ် အမက(၂) သယ်န်းကျွန်း သူငယ်တန်းမှ ဒုတိယဆုရရှိသော မကေရီမင်းအား ဆရာမကြီး ဒေါ်စန်းစန်းငွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရေစက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်မောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော နတ်ခရိုင်-ရွာသစ်ကြီး ကတ္တရာလမ်းမွမ်းမံပြုပြင်ခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးမြင့်ခိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ချောင်းစလန်းကျေးရွာ ကွန်ကရစ်ဝွေတပ် လက်တူးတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မကွေးတိုင်းဒေသကြီး အားကစားကွင်းနှင့် မကွေးခရိုင်အားကစားကွင်းတို့၌ ဆက်လက် ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက် ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီးအားကစား ကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး မကွေးခရိုင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားကြသည်။ ဇန်နဝါရီ ၃၁ ရက်ပွဲစဉ်များတွင် တိုင်းဒေသကြီးအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး မကွေးခရိုင် အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ (2nd Tournament) အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်သွားသော နီလာဝင်းအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း ဂုဏ်ပြုဆုကြေးငွေပေးအပ်စဉ်။

(တင်းနစ်အဖွဲ့ချုပ်)

နိုင်ငံတကာ အားကစား — ဇင်ထူး

ဗြိတိသျှစံချိန်တင်ကြေး ပေါင်သန်း ၅၀ ဖြင့် ဖာနန်ဒိုတောရက်စ်ချဲလ်ဆီးသို့ ပြောင်းရွှေ့ခဲ့ပြီ

အင်္ဂလိပ်ပရီးမီးယားလိဂ်ရဲ့ အပြောင်းအရွှေ့ဈေးကွက်က ဇန်နဝါရီ ၃၁ ရက် တနင်္လာနေ့ည ၁၁နာရီမှာ တံခါးပိတ်ခဲ့ပါပြီ။ အသင်းတွေဟာ မိမိတို့ရဲ့လိုအပ်ချက် ကွက်လပ်တွေကိုဖြည့်ဖို့အတွက် ရွှေခြေထောက်ပိုင်ရှင် ဘောလုံးသမားတွေကို အပြောင်းအရွှေ့၊ အလဲအထပ်လုပ်ကြတဲ့အခါမှာ"စိတ်မှန်သေးရဲ့လား"လို့မေးရလောက်အောင် ငွေတွေကို လေလိုပုံအောသုံးခဲ့ကြတဲ့အတွက် ဈေးကွက်ကြီးတစ်ခုလုံးရဲ့ အရောင်းအဝယ်ပမာဏဟာ ပေါင်သန်း ၁၂၀ကျော်ခဲ့တယ်လို့ အင်္ဂလန်မီဒီယာတွေက ဆိုကြပါတယ်။

ချဲလ်ဆီးကို ရောက်ခဲ့ရလို့ ချန်ပီယံလိဂ်ပွဲနဲ့လိုသည့် ဆန္ဒပြည့်ဝပါပြီဟုဆိုသူ ဖာနန်ဒိုတောရက်စ်။

ဒီအထဲမှာ အကျယ်လောင်ဆုံးထွက်ပေါ်လာတဲ့သတင်းတစ်ရပ်ကတော့ ဗြိတိသျှစံချိန်တင်ကြေးဖြစ်တဲ့ ပေါင်သန်း ၅၀နဲ့ လီဗာပူးရဲ့စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ချဲလ်ဆီးက ဝယ်ယူခဲ့တဲ့သတင်းပါပဲ။ ဒါတင်မက ချဲလ်ဆီးဟာ ဘင်ဖီကာက ဘရာဇီးခံစစ်မှူး ဒေးဗစ်လူးဝစ်ဇ်ကိုပါ ပေါင် ၂၅ သန်းပေးပြီး ခေါ်ယူခဲ့တာကြောင့် ကစားသမားနှစ်ယောက်တည်းအတွက် ပေါင် ၇၅ သန်း ရင်းနှီးမြှုပ်နှံခဲ့တာနဲ့ပတ်သက်ပြီး အင်္ဂလန်မီဒီယာတွေ ကျွက်စီကျွက်စီဖြစ်ခဲ့ရပါတယ်။

လီဗာပူးကတော့ ဖာနန်ဒိုတောရက်စ်ကိုရောင်းရငွေနဲ့ နယူးကာဆယ်က အင်ဒီကာရိုးလ်ကို ပေါင် ၃၅သန်း၊ အိုင်းယက်စ်က လူးဝစ္စဆွာရက်ဇ်ကို ပေါင် ၂၂ ဒသမ ၈ သန်းပေးပြီးဝယ်ယူခဲ့သလို ကိုဗင်ထရီက ကော်နာသောမတ်စ်ကို အငှားခေါ်ယူခဲ့ပါတယ်။ သူ့ရဲ့ရှေ့တန်းကစားသမားတစ်ဦးဖြစ်တဲ့ ရိုင်ယန်ဘာဘယ်လ်ကိုတော့ ဟော့ဖန်ဟိမ်းကို ပေါင်ခြောက်သန်းနဲ့ ရောင်းခဲ့ပါတယ်။

လက်ရှိပရီးမီးယားလိဂ်ဇယားမှာ တတိယနေရာကို ရောက်နေတဲ့ မန်ချက်စတာစီးတီးကတော့ ဝုဖ်စ်ဘာ့ဂ်က အီဒင်ဇက်ကိုကို ပေါင်၂၅ သန်းနဲ့ ဝယ်ယူလိုက်ပြီး သူ့ရဲ့ကစားသမားတွေထဲက အဒီဘာယောကို ရီးယဲလ်မက်ဒရစ်၊ ဆန်တာခရုဇ်ကို ဘလက်ဘန်းနဲ့ ဝိန်းဘရစ်ချ်ကို ဝက်စ်ဟမ်းအသင်းတွေဆီ အငှားချလိုက်ပါတယ်။

ပရီးမီးယားလိဂ် တန်းစီဇယားထိပ်မှာရှိနေတဲ့ မန်ချက်စတာယူနိုက်တက်ရဲ့ ဂုရုကြီးဖာဂူဆန်ကတော့ နော်ဝေကလပ်တစ်ခုဖြစ်တဲ့ အားလ်ဆန်းစ်က အသက်(၂၆)နှစ်အရွယ် ဒိန်းမတ်လူမျိုး ဂိုးသမားအန်ဒါစ်လင်ဒီဂတ်ကို ပေါင် ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူပြီး သူ့ရဲ့ဂိုးပေါက်လုံခြုံဖို့ အားဖြည့်လိုက်ပါပြီ။

ပရီးမီးယားလိဂ်ကြီးလေးကြီးဝင် ဒုတိယနေရာက အာဆင်နယ်ကတော့ လူငယ်တွေကိုသာ မွေးဖို့အားသန်တဲ့ သူ့ရဲ့မူအတိုင်း ဂျပန်လူငယ်ရှေ့တန်းတိုက်စစ်မှူး ရိုင်ယိုမီယာအိချိကို ပြောင်းရွှေ့ကြေးအလွတ်နဲ့ ခေါ်ယူလိုက်ပါတယ်။ အသက်(၁၈)နှစ်သာရှိသေးတဲ့ ဒီဂျပန်လူငယ်လေးရဲ့ကစားဟန်ဟာ ပြင်သစ်က သီယာရီအွန်နရီနဲ့ ပေါ်တူဂီက ခရစ္စတီယာနိုရော်နယ်ဒိုတို့ရဲ့ ကစားဟန်တွေ ပေါင်းစပ်ပါဝင်ထားသလိုပါပဲလို့ ဂျပန်မီဒီယာတွေက အမွှမ်းတင်ထားကြပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

အောင်ဇင်၏ အသံတိတ်လူသတ်သမားနှင့် လက်ရွေးစင်ကျန်းမာရေးဆောင်းပါးများ စာအုပ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဆရာအောင်ဇင်၏ (၁၂)အုပ်မြောက်ဖြစ်သော အသံတိတ်လူသတ်သမားနှင့် လက်ရွေးစင်ကျန်းမာရေးဆောင်းပါးများ စာအုပ်ကို ရှင်မတောင်စာပေမှ ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် ကောင်းတာလုပ်ဖို့ ဘယ်တော့မှ နောက်မကျ၊ အသက်ရာကျော်ရှည်လိုလျှင်၊ နှလုံးရောဂါအကြောင်း သိကောင်းစရာ၊ ကော်ဖီနှစ်သက်သူများသတိပြုရန်၊ အသံတိတ်လူသတ်သမား၊ အမျိုးသမီးငယ်များနှင့် ရင်သားကင်ဆာ၊ အသက်ဉာဏ်စောင့်၊ ဘာသာတရားယုံကြည်မှုနှင့်ကျန်းမာရေး၊ ခွင့်လွှတ်ခြင်းတရားနှင့် ကျန်းမာရေး၊ စိတ်ညှို့ခြင်းနှင့်ကျန်းမာရေး၊ ကျန်းမာရေးအတွက် အားရပါးရရယ်ကြစို့၊ ကြက္ကဋ္ဌိယတို့ အသက်(၃၀)ကျော်လျှင် စိတ်ဖိစီးမှုနှင့်ကျန်းမာရေး၊ သက်သတ်လွတ်စားခြင်းနှင့်ကျန်းမာရေး၊ ပုရိသယောက်ျားများ ထုတ်ဖော်ပြောလေ့မရှိသောရောဂါ၊ စီးကရက်စွဲသူဇနီးတစ်ဦး၏ "ငိုခဲ့ရ ကျွန်မဘဝပါရှင်"၊ သင့်ကိုယ်ခန္ဓာ အချိုးအစား လှပပြေပြစ်လိုပါလျှင်၊ ဒေါသထိန်းသိမ်း သောကငြိမ်း၊ အသက်(၅၀)ကျော်လျှင် ဒါကိုဖတ်ပါ၊ ရုပ်မြင်သံကြား ကြည့်ရှုခြင်းနှင့် အပျိုဖော်၊ လူပျိုဖော်ဝင်မှုပြဿနာ၊ ဆံပင်ဆေးဆိုးခြင်းကြောင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်သလော၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဆောင်းပါးအပုဒ် ၄၀ ပါဝင်သည်။

ယခင်ထုတ်ဝေပြီးသော "ကောင်းတာလုပ်ဖို့ ဘယ်တော့မှ နောက်မကျ"၊ ကြက္ကဋ္ဌိယတို့ အသက်(၃၀)ကျော်လျှင်နှင့် "ဒေါသထိန်းသိမ်း သောကငြိမ်း" စသည့်စာအုပ်များမှ လက်ရွေးစင်ဆောင်းပါးများကို စိစစ်ရွေးချယ်ပြီး " အသံတိတ်လူသတ်သမားနှင့် လက်ရွေးစင်ကျန်းမာရေးဆောင်းပါးများ" အမည်ဖြင့် ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။

ယင်းစာအုပ်ကို အမှတ်(၂၉၆) (၁) အနော်မာ(၇)လမ်း သာကေတမြို့နယ် ရန်ကုန်မြို့ ရှင်မတောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ဝေခြင်းဖြစ်ပြီး ရောင်းဈေးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နီလာဝင်း ဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament)ကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် နီလာဝင်း (မြန်မာ)က Thisuri MOLLOGODA (သီရိလင်္ကာ)ကို (၆-၂)၊ (၆-၄) ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသမီးတစ်ဦးချင်း ဒုတိယအကြို ဗိုလ်လုပွဲတွင် Ang GERALDINE (စင်ကာပူ)က SYAZLINYUSRI (မလေးရှား)ကို (၆-၀)၊ (၁-၆)၊ (၇-၅) ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ယနေ့နံနက် ၉ နာရီတွင် အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ (1st Tournament) အမျိုးသမီးတစ်ဦးချင်း ချန်ပီယံ နီလာဝင်း(မြန်မာ)နှင့် (1st Tournament) ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော ANG GERALDINE (စင်ကာပူ)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (2nd Tournament) ဗိုလ်လုပွဲသို့တက်ရောက်သွားသော နီလာဝင်း(မြန်မာ)အား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက ဂုဏ်ပြုဆုကြေးငွေ ပေးအပ်သည်။

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament)၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးလုပ်ငန်းဆွေးနွေးပွဲ တွံတေး အထက၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နည်းပြငါးဦးက သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး လုပ်ငန်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးဆိုင်ရာ အခြေခံသဘောတရားများ အရေးပေါ်တုံ့ပြန်မှု ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအကြောင်းကို သိရှိနားလည်ရန်နှင့် ကျောင်းများတွင် ပြန်လည်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လုပ်ငန်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (၃၄၂)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်။)
၃။ အမျှင်များသော အသီးအနှံ၊ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ည ၈ နာရီ ၁၂ မိနစ်အချိန်တွင် ကမ္ဘာအေးမြေငလျင် တိုင်းထွာရေးစခန်းမှ တောင်-အနောက်ဘက် မိုင် ၄၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၆ အဆင့် အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် ၂၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ယူနန်ပြည်နယ်အတွင်း)နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးမစတင်မီ နံနက် ၈ နာရီခွဲမှစတင်၍ အမျိုးသားလွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နေရာယူပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၈)ဦးရှိသည့်အနက် (၁၆၈)ဦးစလုံး တက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)